# ပအိုဝ်းဒေသတွင်း အခြေနေများနှင့်စပ်လျဉ်း၍ ထုတ်ပြန်ကြေညာချက်

ထုတ်ပြန်ကြေညာချက်(၀၁/၂၀၂၄)

၁။ ပအိုဝ်းအမျိုးသားဖက်ဒရယ်ကောင်စီ PNFCသည် **"မိမိနှင့် မိမိတို့ပအိုဝ်းပြည်သူအပါအဝင် တိုင်းရင်းသားလူမျိုးပေါင်းစုံ ပြည်သူများကို ကာကွယ်ရန် လိုအပ်ချက်မှတပါး ပအိုဝ်းအမျိုးသားအချင်းချင်း ကြားတွင်ဖြစ်စေ၊ တိုင်းရင်းသားအချင်းချင်းကြားတွင်ဖြစ်စေ လက်နက်ကိုင် ပဋိပက္ခကိုအတတ်နိုင်ဆုံး ရှောင်ရှား၍ ငြိမ်းချမ်းသည့်နည်းဖြင့် ညှိနှိုင်းအဖြေရှာရေးကို အတတ်နိုင်ဆုံး လက်ကိုင်ကျင့်သုံးသည်"** ဟူသည့်မူကို ချမှတ်ကျင့်သုံး လျက်ရှိပါသည်။ အတိတ်ကာလက ပအိုဝ်းခေါင်းဆောင်များအကြား လူတန်းစားရေးနှင့် အမျိုးသားရေး အယူဝါဒမတူညီမှုပေါ်တွင် ပြင်ပ ပယောဂများနှင့် သွေးခွဲသပ်လျှိုမှုများကြောင့် ပအိုဝ်းအချင်းချင်းအကြား (၁၁)နှစ်ကြာ သွေးချောင်းစီးခဲ့ရသည့် ခါးသီးနာကျည်းဘွယ်ရာသမိုင်းဆိုးကို သင်ခန်းစာယူ၍ အထက်ပါမူကို ချမှတ်ခဲ့ခြင်းဖြစ်ပါသည်။ စစ်အုပ်စုသည် ပအိုဝ်းအချင်းချင်းအကြား ပဋိပက္ခဖြစ်စေရေးအတွက် ၎င်း၊ ပအိုဝ်းနှင့် အခြားတိုင်းရင်းသားများအကြားတွင် လူမျိုးရေးပဋိပက္ခ ဘာသာရေးပဋိပက္ခများ ဖြစ်စေရေးအတွက်၎င်း နည်းမျိုးစုံဖြင့် သပ်လျှိုဖြိုခွဲ လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ပအိုဝ်းဆရာတော် သံဃာတော်များနှင့်တကွ ပအိုဝ်းမိဘပြည်သူအပေါင်းမှ ဝိုင်းဝန်း ကာကွယ်တားဆီးပေးကြပါရန် ဦးတင်ပန်ကြားအပ်ပါသည်။

၂။ ၁၉၇၆ ခုနှစ် လုံးဒါညီလာခံတွင် **"စစ်အာဏာရှင်စနစ်နှင့် မဟာလူမျိုးကြီးဝါဒဆန့်ကျင်တိုက်ဖျက်ရေး"** အပါ အဝင် တော်လှန်ရေးမူများချမှတ်၍ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် PNO နှင့် ပအိုဝ်းအမျိုးသားတပ်မတော် PNA တို့ကိုဖွဲ့စည်းခဲ့ပါသည်။ PNO/PNA သည် KNU ကရင်အမျိုးသားအစည်းအရုံးနှင့် KNPP ကရင်နီအမျိုးသား တိုးတက်ရေးပါတီ အပါအဝင် ဘ၀တူညီနောင်တိုင်းရင်းသားများနှင့်အတူ လက်တွဲ၍ အမျိုးသား ဒီမိုကရေစီ တပ်ပေါင်းစု(မဒတ)တွင် ပါဝင်ဆင်နွှဲခဲ့ဖူးသော သမိုင်းအစဉ်အလာကောင်းရှိပါသည်။ စစ်အုပ်စု၏ လိမ်လည်လှည့်ဖြားမှုများနှင့် အတင်းအကြပ် ဖိအားပေးမှုများကြောင့် တော်လှန်ရေးအဖွဲ့အစည်းအဖြစ်မှ စစ်အာဏာရှင်အလိုကျ ဆောင်ရွက်ရသည့် ပြည်သူ့စစ်အဖြစ်သို့ အသွင်ပြောင်းခဲ့ရခြင်းဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဗမာအပါအဝင် တောင်တန်းမြေပြန့်ဒေသအသီးသီးရှိ တိုင်းရင်းသားလူမျိုးပေါင်းစုံနှင့်အတူ လက်တွဲ၍ "စစ်အာဏာရှင်စနစ်နှင့် မဟာလူမျိုးကြီးဝါဒဆန့်ကျင်တိုက်ဖျက်ရေး၊ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုထူထောင်ရေး" လူထု တော်လှန်ရေးကြီးတွင် ပြန်လည်ပူးပေါင်းဆင်နွှဲပါရန်ပန်ကြားအပ်ပါသည်။

၃။ PNO/PNA နာယကကြီးဦးအောင်ခမ်းထိက သဘာပတိအဖြစ်ကြီးမှူးကျင်းပသော **"နိုင်ငံရေးအကြို ညှိနှိုင်းဆွေးနွေးပွဲ (၂၀၁၆)"**သို့ PNO/PNA PNLO/PNLA ပအိုဝ်းစာပေယဉ်ကျေးမှုအပါအဝင် ပအိုဝ်းအရပ်ဖက် လူမှုအဖွဲ့အစည်းများနှင့် ပအိုဝ်းဒေသအသီးသီးမှ ကိုယ်စားလှယ်များတက်ရောက်ပြီး ပအိုဝ်းတမျိုးသား လုံးဆိုင်ရာ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲကျင်းပရေးကော်မတီကိုဖွဲ့စည်းနိုင်ခဲ့ပါသည်။ ထိုမှတဆင့် **၂၀၁၇ ခုနှစ် ပအိုဝ်းလူမျိုးအလိုက်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ**ကို ကျင်းပနိုင်ခဲ့ပြီး ပအိုဝ်းအမျိုးသားသွေးစည်း

ညီညွတ်ရေးအလံကို အမြင့်ဆုံးလွှင့်ထူထားနိုင်ခဲ့ပြီဖြစ်ပါသည်။ ရရှိပြီးသောသွေးစည်းညီညွတ်ရေးကို အခြေခံ၍ ပအိုဝ်းအချင်းချင်းအကြား ပဋိပက္ခမဖြစ်စေရေးကို PNO/PNAမှ ပူးပေါင်းဆောင်ရွက်ပေးပါရန် ပန်ကြားအပ်ပါသည်။

၄။ ပအိုဝ်းဒေသအတွင်းရှိ စစ်ကောင်စီ၏မတရားအမိန့်များကို မလွန်ဆန်နိုင်သောကြောင့် လူထုဆန့်ကျင်ရေး လုပ်နေကြရသော စစ်သား၊ ရဲ နှင့် ပြည်သူ့စစ်များအနေဖြင့် ပြည်သူ့ရင်ခွင်သို့ ယုံကြည်စိတ်ချစွာ ဘက်ပြောင်းခိုလှုံကြပါရန် ပန်ကြားအပ်ပါသည်။

၅။ **ပြည်သူသာအမိ ပြည်သူသာအဖ** မူကိုစွဲကိုင်ထားသော တော်လှန်ရေးတပ်ဖွဲ့ဝင်များအနေဖြင့် စစ်အာဏာရှင် နှင့် အပေါင်းအပါများ ဖန်တီးထားသော 'လူထုဆန့်ကျင်ရေး" ထောင်ချောက်များအတွင်းသို့ မကျရောက်စေရေး အတွက် အထူးသတိထားဆောင်ရွက်ကြပါရန်နှင့် ဘက်ပြောင်းခိုလှုံလာကြသူများအား ကျင့်ဝတ်စည်းကမ်းများ နှင့်အညီ နွေးထွေးစွာ ကြိုဆိုကြပါရန် ပန်ကြားအပ်ပါသည်။

၆။ ပအိုဝ်းအမျိုးသားဖက်ဒရယ်ကောင်စီ PNFC သည် PNLO/PNLA၏ ထုတ်ပြန်ကြေညာချက် (၁/၂၀၂၄) တွင် **"စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းပြီး ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တလျက်ရှိသော ဖက်ဒရယ်ဒီမိုကရေစီစနစ်ကို ဖော်ဆောင်နိုင်သည်အထိ ဘဝတူညီနောင်မဟာမိတ်များနှင့်အတူ ဆင်နွှဲသွားမည်"** ဟု ဖော်ပြထားချက်ကို အလေးအနက်ထောက်ခံကြိုဆိုလျက် PNLO/PNLA နှင့် ပူးပေါင်းဆောင်ရွက်သွား မည်ဖြစ်ပါကြောင်းထုတ်ပြန်ကြေညာအပ်ပါသည်။

ပအိုဝ်းအမျိုးသားဖက်ဒရယ်ကောင်စီ PNFC

ကောဇာသက္ကရာဇ် - ၁၃၈၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် (၂)ရက်နေ့။

ခရစ်နှစ် - ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ၊ (၂၇)ရက်နေ့။

ဆက်သွယ်ရန် - ခွန်ဝါး (+66 929840656)

- ခွန်ဝေထူး (+95 9448238014)